mgyoe.com

# instant english

# ချက်ချင်းတတ် အင်္ဂလိပ်ဝါကျ အလှပဒေသာ


ဘဝသစ် ဦးအောင်ကျော်
(မောင်ကြာညို)

B.A.(Eng) Hons., B.L.

mgyoe.com

ဒုတိယအကြိမ်

mgyoe.com



instant
**english**

ချက်ချင်းတတ်
**အင်္ဂလိပ်ဝါကျ**
အပုပဒေသာ

**ဘဝသစ်ဦးအောင်ကျော်**
(မောင်ကြာညို)
B.A.(Eng) Hons., B.L.

ISBN 9789997115843
BWT3
9 789997 115843
3,000.00KS

mgyoe.com

ချက်ချင်းတတ်အင်္ဂလိပ်ဝါကျအလှပဒေသာ၊ ဘဝသစ်ဦးအောင်ကျော်
မျက်နှာဖုံးဒီဇိုင်း - ကျော်နိုင်
စာမျက်နှာ ၂၁၈+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၆ အောင်ကျော်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချက်ချင်းတတ်
# အင်္ဂလိပ်ဝါကျအလုပဒေသာ
# INSTANT ENGLISH

ဘဝသစ်ဦးအောင်ကျော်
(မောင်ကြာညို)
B.A.(Eng), Hon.,B.L.

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ အမှာစာ | က |
| ၁။ | ပုပ္ပားတောင်<br>(Mt. Popa) | ၁ |
| ၂။ | မြန်မာ့စရိုက်<br>(The Myanmar Character) | ၇ |
| ၃။ | သိဒ္ဓတ္ထဂေါတမမင်းသား<br>Prince Siddhartha Gautama | ၂၃ |
| ၄။ | ရွှေတိဂုံစေတီတော်<br>The Shwedagon Pagoda | ၂၉ |
| ၅။ | ဂြိုဟ်တိုင်များ<br>Planetary Posts | ၄၆ |
| ၆။ | ရှင်ပြု<br>Shinbyu | ၅၈ |
| ၇။ | မြန်မာ့သမိုင်း<br>Myanmar History | ၇၁ |
| ၈။ | အသာယာဆုံး မြန်မာလ<br>The Best Myanmar Month of the Year | ၈၅ |
| ၉။ | မြန်မာ့သစ်သီး<br>The Fruits of Myanmar | ၉၃ |


mgyoe.com

mgyoe.com


၁၀။ မုန့်ဟင်းခါး ၁၀၈
Mohingar

၁၁။ အုန်းနို့ခေါက်ဆွဲ ၁၁၄
Cream-of-Cocount Noodles

၁၂။ နန်းကြီး ၁၁၉
Nangyi

၁၃။ မြတ်ဗုဒ္ဓ (၁) ၁၂၁
The Lord Buddha (1)

၁၄။ မြတ်ဗုဒ္ဓ (၂) ၁၃၁
The Lord Buddha (2)

၁၅။ သင်္ကြန် ၁၃၇
Thingyan

၁၆။ ဆက်လက်လေ့လာရမည့် ဓွေ့ဝါကျပုဒ်သော ၁၄၀


□

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ

ဤစာအုပ်တွင် စာရေးသူ၏ "ဘဝသစ် အဆင့်မြင့် ဘက်စုံ ရေရှည် အင်္ဂလိပ်စာသင်တန်း" ၌ လက်တွေ့သင်ကြားပေးခဲ့သော ဝါကျအချို့ကို စုစည်းပေးထားပါသည်။ ၎င်းတို့အနက် အချို့မှာ မြန်မာမှုများဖြစ်ကြပြီး ဝါကျများမှာ အကြောင်းအရာမျိုးစုံ ဖြစ်ပါသည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား ပြောတတ်၊ ရေးတတ်လိုသူများအတွက် နှစ်မျိုးစလုံး တတ်ကျွမ်းရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသားအများဆုံးသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံစသည်တို့ကို စိတ်ဝင်စားကြပေရာ သူတို့နှင့် စကားပြောနိုင်လိုပါက မြန်မာမှုများကို ပြောတတ်အောင် ဖတ်ရှုလေ့လာထားရန် လိုပေသည်။ သို့သော် မြန်မာမှုတစ်ခုတည်းသာ တစ်ချိန်လုံး ပြောဖြစ်မည် မဟုတ်၊ ကြုံရာဆုံရာ အခြားအကြောင်းအရာများကိုလည်း ပြောရဦးမည်ဖြစ်ရာ အကြောင်းအရာမျိုးစုံကို ပြောတတ်သည့် စွမ်းရည်လည်း လိုပေသေးသည်။ ယင်းစွမ်းရည်ကိုရရှိရေးအတွက်လည်း ဤစာအုပ်ပါ အထွေထွေ ဝါကျများက အထောက်အကူပြုကြမည် ဖြစ်ပါသည်။

အင်္ဂလိပ်စကား ပြောတတ်လိုလျှင် အင်္ဂလိပ်စကားပြော စာအုပ်များ အများအပြား ဖတ်သင့်ကြောင်းကို အထူးပြောနေစရာ မလိုပါ။ သို့သော် စကားပြော စာအုပ်များကိုသာ ဖတ်နေရုံနှင့် မလုံလောက်သေးပါ။ စကားပြောစာအုပ် ဆိုသည်မှာ လေဆိပ်၊ ဟိုတယ်၊ ဘဏ်တိုက်၊ စာတိုက်၊ စားသောက်ဆိုင်၊ ဈေးဆိုင် စသည်တို့၌ ပြောရတတ်သော

mgyoe.com

mgyoe.com



စကားပြော အနည်းငယ်ကိုသာ နမူနာအဖြစ် ပေးထားသည်က များသည်။ ထိုစာအုပ်များတွင် မပါဝင်သည့် အကြောင်းအရာ အများအပြားကိုလည်း ပြောတတ်ရန် လိုသေးသည်။ သို့မှသာ ဘာမဆို ကောက်ကာငင်ကာ ချောချောမောမော ပြောနိုင်မည် ဖြစ်သည်။ ယင်းသို့ အကြောင်းအရာမျိုးစုံ စာအုပ်မျိုးစုံဖတ်မှ ဖြစ်မည်ကို အနည်းငယ် စဉ်းစားကြည့်လျှင်ပင် သဘောပေါက်နိုင်ပါလိမ့်မည်။

ဤစာအုပ်သည် အဆိုပါ အကြောင်းအရာစုံ စာအုပ်တွင် ပါဝင်၍ ဖတ်ရှုသူများအား ကျယ်ကျယ်ပြန့်ပြန့် စကားပြော အထောက်အကူပေးမည် ဖြစ်ပါသည်။ သို့သော် တစ်ခေါက်နှစ်ခေါက်သာ ဖတ်ရုံနှင့်တော့ အနည်းအကျဉ်းသာ မှတ်မိပြီး စကားပြော စွမ်းရည် အနည်းငယ်သာ တိုးတက်ပေလိမ့်မည်။ အထပ်ထပ် အသံထွက် ဖတ်နေမှသာ စကားပြောစွမ်းရည် သိသိသာသာ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာမည် ဖြစ်ကြောင်း လမ်းညွှန်လိုက်ရပါသည်။

အင်္ဂလိပ်စာ တိုးတက်ထူးချွန်ကြပါစေ။
ဘဝသစ်ဦးအောင်ကျော်
အမှတ် ၄၀ (ဒုထပ်)၊ ၂၁ လမ်း၊ ရန်ကုန်။

❐

mgyoe.com

mgyoe.com

# ပုပ္ပါးတောင်

# Mt.POPA

၁။ မြန်မာနိုင်ငံ အလယ်တည့်တည့်တွင် လဲလျောင်းတည်ရှိသော မီးငြိမ်းတောင် ပုပ္ပားတောင်သည် အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ထိုက်သော နေရာ ဖြစ်လေသည်။

An extinct volcano laying right at the centre of Myanmar Naing Ngan, Mt.Popa is worth a visit for various reasons.

၂။ ပထမဆုံး ၎င်းသည် မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှု ဗဟို ဖြစ်လေသည်။

First of all, it is the centre of Nat or spirit worship in Myanmar.

၃။ ၎င်းသည် အိမ်တွင်းမင်းမဟာဂီရိ၊ ပုပ္ပားမယ်တော် စသည့် နတ်များနှင့် ကာလကြာရှည် ဆက်စပ်နေခဲ့လေသည်။

It has long been associated with Guardian-of-the-House-and-Lord-of the-Great-Mountain, the Popa Queen-Mother and other spirits.

၄။ ပုပ္ပားတစ်ခေါက် သွားရောက်ခြင်းသည် နတ်ကိုးကွယ်မှုကို ကိုယ်တွေ့ကြုံရခြင်း မည်ပေသည်။

To visit Popa means to experience Net worship first hand.

mgyoe.com

mgyoe.com


၅။ တောင်သည် ပေ ငါးထောင်နီးပါး မြင့်ပြီး၊ စိမ်းစိုလှပကာ ပတ်ဝန်းကျင်ရှိ အပူပိုင်းဒေသနှင့် ရှင်းရှင်းကြီး ဆန့်ကျင်နေလေသည်။
Nearly five thousand feet in height, the mountain is lush and green and beautiful, in stark contrast with the Dry Zone around it.

၆။ စာရေးဆရာကြီး တစ်ဦးက ပုပ္ပားသည် အပူထဲမှ အအေး၊ အဝါထဲမှ အစိမ်း၊ အနိမ့်ထဲမှ အမြင့်ဟု ရေးသားခဲ့ဖူးသည်။
A well-known writer has written: "Mt.Popa is the coolness inside the heat, the green inside the yellow, and the height among the lowlands.

၇။ ၎င်းသည် သာမန်ထဲမှ ထူးခြားချက်ဟု ကျွန်ုပ်က ထပ်ဖြည့်လိုပါသည်။
I would like to add that it is extraordinary inside the ordinary.

၈။ ညိုဝါဝါ၊ ကန္တာရတစ်ပိုင်း လွင်ပြင်တွင် ထီးထီးမားမား ရပ်တည်နေသော သစ်ပင်များ ဖုံးလွှမ်းနေသည့် တောင်သည် အမှန်ပင် မျက်စိပသာဒ ဖြစ်ပြီး၊ ရင်အေးစေသော ရှုခင်း ဖြစ်သည်။
The tree-clad mountain standing majestically on the yellowish-brown, semi-desert plain is indeed a sight that pleases the eye and cools the breast.

၉။ တောင်တွင် တောင်ကလပ်၊ တောင်မကြီး ဟူ၍ နှစ်ပိုင်းပါဝင်သည်။
The mountain comprises two parts namely the wine-glass-shaped plateau and the main mountain.

၁၀။ တောင်ကလပ်ကို တက်ရခြင်းသည် မတ်စောက်လှသည်။ သို့သော် တောင်ကလပ် ထိပ်မှ ရှုမျှော်ခင်းသည် အသက်ရှူမှားလောက်သည့်အတွက် တက်ရကျိုးနပ်သည်။
The ascent of the plateau is very steep but it is worth the trouble as the view from its top is breath-taking.

၁၁။ တောင်မကြီးထိပ် အနီးတွင် မီးတောင်ဝအဟောင်းရှိပြီး လက်ကိုင်ပဝါ၊

mgyoe.com

စက္ကူ စသော ပေါ့ပါးသည့် ပစ္စည်းများကို တွင်းထဲသို့ ပစ်ချပါက အားကောင်းသည့် အထက်ဆန်လေက ၎င်းတို့ကို ပြန်ယူလာသည်။
There is an old crater near the top of the mountain and if light things like handkerchiefs and pieces of paper are dropped into the hole, they are brought up by the strong upward draught.

၁၂။ တောင်မကြီးထိပ်အနီးတွင် ဘုရားတစ်ဆူလည်း ရှိသည်။
There is also a pagoda near the top of the main mountain.

၁၃။ တောင်ကလပ်ကတော့ ဝိဇ္ဇာ၊ ဇော်ဂျီ စသည့် ဒဏ္ဍာရီဆန်သော သဘာဝလွန် တန်ခိုးရှင် ပုဂ္ဂိုလ်များ ကျက်စားသည့်နေရာဟု ယူဆကြသည်။
The plateau is believed to be a favourite haunt of mythical supernatural beings like Weikzars and Zawgyees.

၁၄။ အနော်ရထာဘုရင်လက်ထက်က ဗျတ္တ (ခေါ်) အိန္ဒိယ သူရဲကောင်းသည် ပုပ္ပားမှ ပန်းများကို ဘုရင့်အတွက် တစ်နေ့သုံးကြိမ် သယ်ဆောင်ပေးခဲ့သည်ဟု ဆိုသည်။
In the reign of King Anawrahta, an Indian hero by the name of Byatta was said to have fetched flowers thrice a day for the king from Mt.Popa a distance of about thirty miles.

၁၅။ သူသည် ပုပ္ပားရှိ ပန်းစားဘီလူးမ မယ်ဝဏ္ဏာနှင့် အိမ်ထောင်ကျပြီး ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းလေး (ခေါ်) သားနှစ်ဦးကို ဖွားမြင်ခဲ့သည်။
He got married to Mai Wunna, a flower-eating ogress of Popa and she gave birth to two sons named Shwephyingyi and Shwephyingalay.

၁၆။ ထိုသားနှစ်ဦးသည် တာဝန်ပေါ့ဆမှုဖြင့် ဘုရင်၏ ကွပ်မျက်ခံရသောအခါ နတ်စိမ်းများ ဖြစ်လာကြပြီး လူအများ၏ ကိုးကွယ်ခြင်းကို ခံကြရသည်။
When those two sons were executed by the King for negligence of duty, they became the so-called Green

mgyoe.com

mgyoe.com

Spirits and they have been worshipped by a lot of people ever since.

၁၇။ ပုပ္ပား၏ နောက်ထပ် ဆွဲဆောင်နိုင်သည့် အင်္ဂါရပ် တစ်ခုကတော့ ဆေးဖက်ဝင်သည့် သစ်ဥသစ်ဖုများ ပေါများခြင်း ဖြစ်သည်။
Another attractive feature of Mt.Popa is that it abounds in medicinal roots, herbs and other tree-products.

၁၈။ သစ်ခွနှင့် အခြား ထူးခြားဆန်းကြယ်သည့် ပန်းအများကိုလည်း ယင်းဒေသတွင် တွေ့ရှိရသည်။
Orchids and several other exotic flowers are also found there.

၁၉။ တောင်ခြေတွင်ရှိသည့် စိုက်ပျိုးရေး ခြံများကလည်း စပျစ်၊ ငှက်ပျော၊ သဘော်၊ ပိန္နဲနှင့် အခြား သစ်သီးအများအပြားကို ထုတ်လုပ်ကြသည်။
The plantations at the foot of the mountain also produce grapes, bananas, jackfruits and several other fruits.

၂၀။ တောင်ကို သစ်တောကြိုးဝိုင်းဒေသအဖြစ်၊ သတ်မှတ်ခဲ့ချိန်ကစပြီး တောင်ပေါ်၌ သစ်ပင်အများ ပေါက်ရောက် ဖြစ်ထွန်းခဲ့လေသည်။
Many trees have grown and thrived on the mountain since it was designated a forest reserve area.

၂၁။ ယခုအခါတွင် ၎င်းသည် ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အိုအေစစ်တစ်ခု ဖြစ်လာခဲ့လေသည်။
At present, it has become an oasis in the hot and dry Central Myanmar.

၂၂။ မူလက တောင်ပေါ်တွင် စိမ့်စမ်းရေတံခွန် ၉၉ ခု ရှိသည်ဟု ဆိုပါသည်။
It is said that there were ninety-nine springs and waterfalls on it originally.

၂၃။ ထိုစိမ့်စမ်းများက ယခုအခါ အနီးရှိ ကျောက်ပန်းတောင်းမြို့ကို ရေပေးနေသည်။
These springs are now supplying the nearby town of Kyaukpadaung with water.

mgyoe.com

mgyoe.com


၂၄။ တောင်ပေါ်တွင် ကျောက်နွားသိုး ကိုးကောင်လည်း ရှိသည်။
There are also nine rocks or boulders shaped like bulls on the mountain.

၂၅။ ချမ်းသာကြွယ်ဝသူ အချို့သည် တောင်စောင်းများနှင့် တောင်ခြေရင်းတွင် ဗိုလ်တဲများ ဆောက်လုပ်ထားကြပြီး နွေတွင် ထိုအရပ်၌ အပူဒဏ်မှ ရှောင်ကြလေသည်။
Some wealthy people have bungalows built on the slopes or at the foot of the mountain and take refuge from heat there in summer.

၂၆။ ပုပ္ပားတောင်တွင် အသက် ၇ နှစ်နှင့် ၇၀ အကြား ကလေးများအတွက် နောက်ထပ် ဆွဲဆောင်မှု တစ်ရပ် ရှိသည်။
Mt. Popa has another attraction for children between the ages of seven and seventy.

၂၇။ ၎င်းမှာ ဘေးမဲ့ပေးထားသော မယဉ်တယဉ် မျောက်များ ဖြစ်ကြသည်။
It is semi-tame monkeys which are allowed to roam the place unharmed.

၂၈။ ဘုရားဖူးများနှင့် နတ်ကိုးကွယ်သူများသည် ၎င်းတို့အား မြေပဲ၊ ငှက်ပျောသီးနှင့် အခြားအစားအသောက်များ ကျွေးကြသည်။
Pilgrims and Net-worsippers feed them on peanuts, bananas and other kinds of food.

၂၉။ ၎င်းတို့သည် အလွန်ရဲတင်းလာကြသည့်အတွက် ကလေးများ လက်ထဲရှိ အစားအသောက်များကို လုယူထွက်ပြေးကြသည်။
They have become so bold that they sometimes snatch the food from children's hands and run away.

၃၀။ မီးတောင်ဖြစ်ခဲ့ဖူးသည့်အတွက် ပုပ္ပားသည် ပုပ္ပားစိန် (ခေါ်) စိန်အညံ့စား တစ်မျိုးလည်း ထုတ်လုပ်သည်။
Having been a volcano, Mt. Popa produces a kind of diamond of very poor quality called Popa diamond.

mgyoe.com

mgyoe.com

၃၀။ ပုပ္ပားသည် ၎င်း၏ မြွေအလမ္မာယ် ဆရာများအတွက်လည်း ကျော်ကြားသည်။
Popa is also famous for its snake-charmers.

၃၂။ ပုပ္ပားသည် ၎င်း၏ အထင်ကရ နတ်ပွဲတစ်ခုခု ကျင်းပနေချိန်တွင် အထူးသွားရောက်ထိုက်သည်။
Popa is worth a visit especially when one of its major Nat-festivals is being held.

၃၃။ ထိုအချိန်တွင် တစ်တောင်လုံး နတ်ကိုးကွယ်သူများ၊ ပျော်ပါးသူများ၊ အထူးအဆန်း ရှာဖွေသူများဖြင့် စည်ကားသည်။
At such times, the whole mountain is crowded with Nat devotees, revellers and curiosity-seekers.

၃၄။ ပုပ္ပား၏ ထင်ရှားသော ထွက်ကုန်တစ်ခုမှာ ပုလင်းသွတ်ကြာရှည်ခံ စံကားပန်းများ ဖြစ်သည်။
Another well-known product of Popa is bottled ZAGA (cananga adorata) flowers that remain fresh long.

❐

mgyoe.com

mgyoe.com

# မြန်မာ့စရိုက်

# THE MYANMAR CHARACTER

၁။ မြန်မာလူမျိုးများသည် ပျော်ပျော်နေသေခဲဟု သဘောထားတတ်သော လူမျိုးတစ်မျိုး ဖြစ်သည်။
The Myanmars are a happy-go-lucky people.

၂။ ယင်းသို့ဖြစ်သည့်အလျောက် သူတို့ကို အရှေ့တိုင်းမှ Irish လူမျိုးများဟု တစ်ခါတစ်ရံ ရည်ညွှန်းကြသည်။
Accordingly, they are sometimes referred to as the Irish of the East.

၃။ ဘာပဲဖြစ်ဖြစ် သူတို့၏ ပျော်ရွှင်သော အပူအပင်ကင်းသော စိတ်ဓာတ်ကို ချိုးနှိမ်၍မရချေ။
No matter what, their merry and carefree spirit is irrepressible.

၄။ သူတို့သည် ပျော်ပါးမြူးထူးမှုနှင့် ဖျော်ဖြေမှုကို နှစ်သက်လှသည့်အတွက် သူတို့၏ အသုဘများမှာပင် ဂီတပါသည်။
They are so fond of merriment and entertainment that even their funerals are accompanied by music.

၅။ ကျေးလက်ဒေသများတွင် လူသေခေါင်းထမ်းသူများ၊ ခြေက ကသည်ကို

mgyoe.com

စဉ်းစားကြည့်ပါ၊ သေခြင်း အပါအဝင် အစစအရာရာအပေါ် မြန်မာတို့၏ ရွှင်ပျသော သဘောထားကို သင် သဘောပေါက်ပါလိမ့်မည်။
Just imagine pall-bearers in rural areas performing a tap-dance and you will realize the joyous attitude the Myanmars have towards everything including death.

၆။ အခြား ကျေးလက်ထုံးစံ တစ်ခုမှာ အသုဘများတွင် ငိုချင်းသည်များ ငှားရမ်းခြင်း ဖြစ်သည်။
Another countryside custom is employing professional mourners at funerals.

၇။ ဘုန်းကြီးပျံများတွင် ခေါင်းထမ်းသူများသည် သူတို့၏ အလုပ်ကို ကနေသော ခြေလှမ်းများဖြင့် မလွဲမသွေ ပြုလုပ်ကြပြီး တစ်ချိန်တည်းမှာပင် ပျော်စရာသီချင်းများ သီဆိုကျူးရင့်ကြသေးသည်။
At monks' funerals, the pall-bearers invariably perform their task with dancing steps, singing jolly songs at the same time.

၈။ ရှေးခေတ်က မြန်မာတစ်ဦးသည် တစ်သက်သာအတွင်း မင်္ဂလာ ၁၂ ခန်းကို ဖြတ်သန်းသွားရသည်။
In days of yore, a Myanmar underwent twelve auspicious ceremonies in a life time.

၉။ ၎င်းတို့အနက် ကင်ပွန်းတပ်မင်္ဂလာ၊ နားသမင်္ဂလာ၊ ရှင်ပြုမင်္ဂလာနှင့် မင်္ဂလာဆောင် စသည်တို့ကို ယနေ့တိုင် ထိန်းသိမ်းထားရှိသည်။
Some of them such as baby christening of name-giving ceremony, ear-boring ceremony novitiation ceremony and wedding ceremony have been retained to this day.

၁၀။ ဤအခမ်းအနား အားလုံးတွင် ဂီတသည် ထင်ထင်ရှားရှား ပါဝင်သည်။
Music is prominently featured in all these ceremoines.

၁၁။ ထို့ပြင် နှစ်၏ လတိုင်းတွင် ပွဲတော်ကြီးတစ်ခု ရှိလေ့ရှိခဲ့သည်။

mgyoe.com

mgyoe.com


In addition, there used to be a major festival in every month of the year.

၁၂။ မြန်မာတို့၏ ပွဲလမ်းသဘင်နှင့် အပျော်အပါး နှစ်သက်မှုသည် သင်္ကြန်ပွဲတော်၌ အထွတ်အထိပ် ရောက်လေသည်။

The Myanmars' love of festivities and merry-making reaches its zenith at Thingyan, the Water Festival.

၁၃။ ၎င်းကို ကုသိုလ်ကောင်းမှုများ၊ ရေပက်ခြင်း၊ သီချင်းဆိုခြင်း၊ ကခြင်း၊ မဟုတ်တာ လုပ်သည်များကို ဝေဖန်ရှုတ်ချသည့် သံချပ်ထိုးခြင်းများတို့ဖြင့် ဆင်နွဲကြသည်။

It is celebrated with acts of charity, water throwing, singing, dancing, music and the chanting of Thangyats or rhymed couplets that castigate misconduct.

၁၄။ သင်္ကြန်အတွင်းတွင် ပျော်ပါးသူများသည် တစ်ဦးကိုတစ်ဦး စိတ်ကြိုက် နောက်ကြ ပြောင်ကြသည်၊ သို့သော် ဇွဲမယူကြချေ။

During Thingyan, the revellers tease and taunt one another to their hearts' content but no offense is taken.

၁၅။ ဧည့်ဝတ်ကျေပွန်မှုနှင့် ရက်ရောမှုတို့သည်လည်း မြန်မာ့စရိုက်၏ လွှမ်းမိုးသော လက္ခဏာများ ဖြစ်ကြသည်။

Hospitality and generosity also are dominant traits of Myanmar character.

၁၆။ မြန်မာနိုင်ငံတွင် ရဟန်းသံဃာပေါင်း ရှစ်သောင်းမျှရှိသည် ဟူသော အချက်သည် မြန်မာတို့၏ သဒ္ဓါတရား ကောင်းမှု၏ ကောင်းသော အညွှန်းပြချက် တစ်ခု ဖြစ်သည်။

The fact that there are about eighty thousand members of Sangha or Order of Monks in Myanmar is a good indication of the charitableness of the Myanmars.

၁၇။ မြင့်မြတ်သော သံဃာများကို မဆိုထားဘိ၊ နိမ့်ကျပြီး စိတ်ညစ်ဖွယ်ကောင်းလှသော သူတောင်းစားများပင် ဘဝ၏ လိုအပ်ချက်များအတွက် ပူစရာ မရှိချေ။

mgyoe.com

mgyoe.com


Even humble and miserable beggars, let alone holy monks, have no need to worry about the fundamental requirements of life.

၁၈။ စင်စစ် သူတောင်းစား အလုပ်သည် ဝင်ငွေကောင်းလှသည့်အတွက်၊ သူတောင်းစား အချို့သည် အလယ်အလတ်အဆင့်ရှိ အရာရှိများထက် ဝင်ငွေ များသည်။

As a matter of fact, begging is so lucrative that some beggars have higher incomes than middle-ranking officers.

၁၉။ မြန်မာတို့၏ လောကွတ်ကောင်းမှုကို အိမ်တွင်၊ လက်ဖက်ရည်ဆိုင်တွင်၊ ဘတ်စ်ကားပေါ်တွင်၊ နေရာတကာတွင် တွေ့မြင်နိုင်သည်။

Myanmar hospitality can be observed everywhere-at home, at the teashop, on the bus.

၂၀။ အိမ်တွင် ဧည့်သည်အားလုံးကို တစ်ခုခု အမြဲတမ်း အစဉ်အမြဲ တည်ခင်းကျွေးမွေးသည်။

At home something is invariably served to all visitors.

၂၁။ အစဉ်အလာအားဖြင့် ထိုတစ်စုံတစ်ခုတွင် ကွမ်းယာ၊ ဆေး၊ လက်ဖက်တို့ ပါဝင်သည်။

Traditionally that something comprises betel, tobacco and pickled tea.

၂၂။ အပူ (သို့မဟုတ်) အအေးသောက်စရာများ၊ သစ်သီးများနှင့် မုန့်များကို လည်း နေ့၏အချိန်ကိုလိုက်၍ တည်ခင်းကျွေးမွေးကြသည်။

Hot or cold drinks, fruits and cakes are also served depending upon the time of the day.

၂၃။ နံနက်စာ (သို့မဟုတ်) ညစာစားချိန်တွင် ဝင်လာသူ မည်သူ့ကိုမဆို၊ ထိုထမင်းနပ်ကို သုံးဆောင်ရန် ဖိတ်ကြားရုံသာမက၊ အတင်းတိုက်တွန်းခြင်း ခံရသည်။

Anyone who drops in at breakfast or dinner time is

mgyoe.com

mgyoe.com


sincerely invited and even forced to partake of the meal.

၂၄။ ဖိတ်ကြားချက်ကို လက်ခံပါက အိမ်ရှင်နှင့် အိမ်ရှင်မတို့သည် လက်မြှောက် အရှုံးပေးသည်အထိ ဧည့်သည်အား ထမင်းနှင့် ဟင်းများကို အကြိမ်ကြိမ် ထည့်ပေးလေသည်။

If the invitation is accepted, the host and the hostess keep on plying the visitor with one helping after another of rice and curries until the latter puts up his hands in surrender.

၂၅။ ဘတ်စ်ကားပေါ်တွင် မိတ်ဆွေနှစ်ဦး တွေ့ပါက အသီးသီးသည် ကျန်လူ၏ ကားခကို ပေးရန် ကြိုးစားကြပြီး စပယ်ယာနှင့် ပိုနီးသူက ပြိုင်ပွဲကို နိုင်လေ့ရှိသည်။

If two friends happen to meet on the bus, each of them tries to pay the bus fare of the other and the one nearer to the bus-conductor usually wins the contest.

၂၆။ ထို့အတူပင် လက်ဖက်ရည်ဆိုင်များ၌ အုပ်စုတစ်စုတွင် ပါဝင်သူ သုံးလေး ဦး ငွေပေးရန် တစ်ပြိုင်နက် ကြိုးပမ်းကြသည်ကို မကြာခဏ မြင်နိုင်သည်။

Similarly, in a tea shop, three or four members of a group can often be seen trying to pay the bill at the same time.

၂၇။ မြန်မာတို့၏ ရက်ရောသော သဘာဝကို ကုသိုလ်ပြုခြင်း၏ အကျိုးများကို ဖော်ကျူးထားသည့် ဗုဒ္ဓဘာသာဇာတ်တော်များက ပြုစုပျိုးထောင်ပေးသည်။

The generous nature of the Myanmar is nurtured by the Buddhist Jataka Stories, that is stories dealing with the formar lives of the Buddha, which portray the benefits of meritorious deeds.

၂၈။ ဒါနပြုသူများသည် နိဗ္ဗာန်မရမီကြား၊ ဘဝအဆက်ဆက်တွင် သုခဘုံအမျိုး မျိုး၌ စည်းစိမ်ဥစ္စာများကို ခံစားရသည်ဟု ဗုဒ္ဓဘာသာက သင်ပြသည်။

mgyoe.com

mgyoe.com


Buddhism teaches that those who perform acts of charity enjoy luxury and prosperity on various blissful planes of existence before they attain Nibban (Nirvana), the complete annihilation or eternal bliss.

၂၉။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် လှူဒါန်းပေးကမ်းခြင်းကို တတ်နိုင်သမျှ ဆောင်ရွက်ကြသည်။

Hence, Buddhists perform alms-giving as much as they can.

၃၀။ အဆင်းရဲဆုံး မိသားစုကပင် နေ့စဉ် ဗုဒ္ဓအား ရည်စူး၍ ဆွမ်းကပ်သည်။ သံဃာအနည်းငယ်အား အနည်းဆုံး ဆွမ်းတစ်ဇွန်းစာ နေ့စဉ်လောင်းသည်။

Even the poorest family offers alms-food daily in memory of the Buddha and, at least, one spoonful of rice each to a few monks everyday.

၃၁။ တတ်နိုင်သူများသည် ဘုရားများ၊ ဘုန်းကြီးကျောင်းများ၊ ဆောက်လုပ်ကြသည်၊ ရေတွင်းရေကန်များ တူးကြသည်။

Those who can afford it build pagodas and monasteries and big wells and tanks.

၃၂။ မြန်မာတို့သည် ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ စသည့် ဘွဲ့များကို အလွန်တန်ဖိုးထားကြသည်။

Myanmars set great store by such titles as pagoda-donor, monastery-donor, ordination hall donor and so on.

၃၃။ အကြီးအကျယ် မလှူနိုင်သူများသည် အနည်းဆုံး ရေချမ်းစင်တော့ ဆောက်ကြသည်။

Those who cannot give generously, at least, build a Yegyanzin, a small building containing some water pots to quench the thrist of passers-by.

၃၄။ မြန်မာတို့၏ အခြား စရိုက်လက္ခဏာ တစ်ခုမှာ အားနာတတ်ခြင်း ဖြစ်၏။

mgyoe.com

mgyoe.com


Another Myanmar characteristic is the tendency to feel compunction.

၃၅။ လူတချို့တွင် ဤခံစားချက်သည် စူးရှလွန်းသဖြင့် ၎င်းတို့ဧည့်သည် လုပ်ရသည့်အခါများတွင် (အိမ်ရှင်များက တည်ခင်းကျွေးမွေးကြသည့် အစားအစာများကို) ဘယ်တော့မှ ဝအောင် မစားကြချေ။

This feeling is so keen in some people that they never eat their fill when they are guests at the houses of other people.

၃၆။ မြန်မာတို့သည် သက်သာသလိုလည်း နေတတ်သည်။

Myanmar are easy-going too.

၃၇။ သူတို့၏ ရာသီဥတုနှင့် ပထဝီ အခြေအနေများသည် သူတို့အပေါ် အလွန်ကြင်နာသက်ညှာပြီး သူတို့ပြည်သည် သယံဇာတ အရင်းအမြစ်များ ကြွယ်ဝလှသဖြင့် သူတို့သည် ဘယ်တော့မှ တကယ် ပင်ပင်ပန်းပန်း လုပ်စရာမလိုချေ။

Their climatic and geographical conditions are so benign to them and their country is so rich in natural resources that they never need to work really hard.

၃၈။ မိုးကောင်းလျှင် တစ်နှစ်လုပ်စာနှင့် သုံးနှစ်စာ ထိုင်စားနိုင်သည်ဟု လယ်သမားများက ကြွားဝင့်လေ့ ရှိကြသည်။

Farmers like to boast that if the rainfall is good, a year's harvest can feed them for three years.

၃၉။ နောက်ထပ် သူသိများသော ကြွားဝင့်မှု တစ်ခုမှာ မြန်မာနိုင်ငံတွင် ဘယ်သူမှ ငတ်၍မသေ ဟူ၍ ဖြစ်သည်။

Another well-known boast is that no one ever dies from starvation in Myanmar.

၄၀။ ဤသဘာဝမိခင်၏ ကြင်နာမှုများက မြန်မာတို့အား အိမ်နီးချင်းများနှင့် ယှဉ်လိုက်သည့်အခါ အခွင့်မသာ ဖြစ်စေသည်။

These kindnesses of mother nature have placed Myanmars at a disadvantage vis-a-vis their neighbours.

mgyoe.com

mgyoe.com


၄၁။ မရေတွက်နိုင်သော အိန္ဒိယနှင့် တရုတ်လူမျိုးများသည် ရှေးပဝေသဏီမှ စ၍၊ ရေကြည်ရာမြက်နုရာ ရှာဖွေရင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြသည်။
Since time immemorial, countless, Indians and Chinese have migrated to Myanmar in search of greener pastures.

၄၂။ သူတို့အားလုံးနီးပါး ပထမ လာရောက်စဉ်က လက်ချည်းသက်သက် ဖြစ်ကြသည်။
Virtually all of them were empty-handed when they first came.

၄၃။ သို့သော် သူတို့သည် တိုတောင်းသော အချိန်အတွင်းတွင် သူတို့၏ ဝီရိယ၊ စီးပွားရေး ကျွမ်းကျင်မှုတို့ဖြင့်၊ စုမိဆောင်းမိဖြစ်လာပြီး မြန်မာ့စီးပွားရေးကို အနည်းနှင့်အများ လွှမ်းမိုးစ ပြုလာသည်။
However most of them amassed a fortune in a short time by dint of their industry and business acumen and began to dominate the Myanmar economy to a greater or lesser degree.

၄၄။ အမှန်အတိုင်းဆိုလျှင် စစ်မဖြစ်မီနှင့် စစ်အပြီး နှစ်ပေါင်း ၂၀ နီးပါးကြာမျှ မြန်မာစီးပွားရေးသည် တရုတ်နှင့် ကုလားကုန်သည်ကြီးများ၏ ကစားစရာ ဖြစ်ခဲ့လေသည်။
As a matter of fact, the Myanmar economy remained a plaything of Indian and Chinese merchants in pre-war days and for about twenty years after the war.

၄၅။ မြန်မာဆင်းရဲသား လူတန်းစားသည် နိုင်ငံခြားသား ကုန်သည်များနှင့် အရင်းရှင်များ၏ ခေါင်းပုံဖြတ်ခြင်းကို ကာလကြာရှည်စွာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ခံခဲ့ရလေသည်။
The Myanmar proletariat were frightfully exploited by foreign-merchants and capitalists for a long time.

၄၆။ သို့သော် မြန်မာတို့သည် ဘယ်လိုမှ မအောက်မေ့ပါ၊ နိုင်ငံခြားသားကုန်သည်ကြီးများကိုလည်း အားမကျပါ။

mgyoe.com

But the Myanmars did not mind nor did they envy their exploiters.

၄၇။ သူတို့သည် အရှိန်အဟုန်မပျက်၊ အလုပ်ကို တတ်နိုင်သလောက် နည်းနည်းလုပ်ပြီး၊ ပိုက်ဆံကို တတ်နိုင်သလောက် များများ သုံးကြလေသည်။

They maintain the momentum in working as little as possible but spending as much money as they can.

၄၈။ ဒုတိယကမ္ဘာစစ်မတိုင်မီက လယ်သမားတို့၏ စိုက်ပျိုးမြေဧက သောင်းပေါင်းများစွာ ငွေချေးချစ်တီး ကုလားများ၏ လက်သို့ ဤနည်းဖြင့် ကျရောက်သွားခဲ့သေလည်။

Before World War II, tens of thousands of acres of arable land belonging to Myanmar farmers fell into the hands of Chettier money-lenders in this way.

၄၉။ ယနေ့အထိ မြန်မာတို့သည် သူတို့၏ ပေါ့ပေါ့ဆဆ လက်ဖွာသည့်နည်းလမ်းများကို မပြောင်းလဲခဲ့ကြချေ။

Myanmars have not changed their carefree, open-handed ways to this day.

၅၀။ သူတို့၏ ဘဝအပေါ် သဘောထားမှာ မရှိလို့ လုပ်စားရတာ ဖြည်းဖြည်းပေါ့ ဟူ၍ ဖြစ်သည်။

Their attitude towards life is: Let's take it easy since we are merely eking out a living out of necessity.

၅၁။ ဗုဒ္ဓဘာသာ၏ အခြေခံ သင်ပြချက်များအနက် တစ်ခုက အရာခပ်သိမ်းတို့၏ မမြဲသော သဘောကို အလေးအနက်ပြုသည်။

One of the primary tenets of Buddhism stresses the impermanent nature of everything.

၅၂။ ယင်းသို့ ဖြစ်သည့်အလျောက် မြန်မာတို့သည် ရုပ်ဝတ္ထုကြွယ်ဝမှုကို အနောက်တိုင်းသားများလောက် တန်ဖိုးမထားကြချေ။

This being the case, Myanmars do not value material wealth as much as the Westerners do.

mgyoe.com

mgyoe.com



၅၃။ ယခုဘဝတွင် ဖြစ်ပျက်ခဲ့သမျှသည် အဓိကအားဖြင့် လွန်ခဲ့သည့် ဘဝများ၏ ကောင်းမှု၊ မကောင်းမှုတို့၏ ရလဒ်ဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြသည်။

Buddhists believe that everything that happens in this life is mainly the outcome of the good deeds and the bed ones of the previous existences.

၅၄။ ဤမှ ဆွဲဆန့်လိုက်သောအခါ သူတို့ချမ်းသာမှု ဆင်းရဲမှုတို့သည် သူတို့၏ အတိတ်နှင့် ပစ္စုပ္ပန်ကံတို့က ပိုင်းဖြတ်သည်ဟု သူတို့ လက်ခံသည်။

By extension, they accept that whether they are rich or poor is determined by their past and present deeds.

၅၅။ သို့ဖြစ်၍ သူတို့တွင် အလွန်အကျွံ ဝီရိယရှိရန် မက်လုံးသိပ်မရှိချေ။

Hence, they have little incentive for being overly industrious.

၅၆။ မြန်မာတို့သည် စည်းကမ်းကို ဂရုမစိုက်သည့်အတွက်လည်း နာမည်ပျက်လေသည်။

The Myanmars are also notorious for their disregard for discipline.

၅၇။ ရန်ကုန်မြို့ရှိ မည်သည့် လမ်းတွင်းရှုခင်းကိုမဆို မိနစ်အနည်းငယ် စောင့်ကြည့်ပါ။ ဤပြောကြားချက်၏ မှန်ကန်မှုကို သင် သဘောပေါက်ပါလိမ့်မည်။

Watch any street-scene in Yangon for a few minutes and you will realize the truth of this statement.

၅၈။ စည်းမဲ့ကမ်းမဲ့ လမ်းလျှောက်နေသူနှင့် မျဉ်းကျားတွင် ရပ်မပေးသော ကားမောင်းသူများကို သင် တွေ့ရပါလိမ့်မည်။

Among other things, you will see a lot of jaywalkers, and motorists who do not stop at the zebra-crossings in favour of the pedestrians.

၅၉။ ဘတ်စ်ကား မှတ်တိုင်များတွင် လူများသည် တန်းမစီဘဲ ဘတ်စ်ကားများပေါ်သို့ အလုအယက် တက်ကြသည်။

mgyoe.com

mgyoe.com


At bus-stops, people scramble on to the buses without queuing (up).

၆၀။ အားနည်းသူများနှင့် အသက်ကြီးသူများသည် မညှာမတာ တွန်းဖယ်ခြင်းနှင့်၊ ထားပစ်ခဲ့ခြင်းခံကြရသည်။

The weak and the elderly are ruthlessly pushed aside and left behind.

၆၁။ ကလေးများနှင့် လူငယ်များ လမ်းများပေါ်တွင် စွန့်လွှတ်နေကြသည်။ သို့မဟုတ် စွန်လိုက်နေကြသည်။ ဘောလုံးနှင့် အခြား ကစားနည်းများကို ဖြတ်သွားသူတို့၏ လုံခြုံမှုကို လုံးဝမမှုဘဲ ကစားနေကြသည်ကိုလည်း မြင်နိုင်သည်။

Children and young men can also be seen flying or chasing kites or playing football and other games in the streets with no regard whatsoever for the safety of the passers-by.

၆၂။ တစ်စုံတစ်ခုအတွက် တန်းစီခြင်းသည် မြန်မာနိုင်ငံတွင် လူသိနည်းသော အလေ့အထတစ်ခု ဖြစ်သည်။

Queuing for something is a little-known practice in Myanmar.

၆၃။ စင်စစ် ရုပ်ရှင်ရုံများနှင့် အခြား နေရာအနည်းငယ်သာ လူများတန်းစီနေကြသည်ကို မြင်နိုင်သည်။

As a matter of fact, queues can be seen only at the cinemas and a few other places.

၆၄။ ကြုံကြိုက်၍ပြောရလျှင်၊ ကျွန်ုပ်တို့ ရှည်လျားသော တန်းစီမှုကို ဖယ်ရှားရန် နည်းလမ်းများ ရှာကြံသင့်သည်။ အကြောင်းမှာ ရှည်သော တန်းစီမှုများသည် တစ်နေရာရာတွင် ပိုင်နိုင်ထိရောက်မှုမရှိခြင်းနှင့် အချိန်အလဟဿ ဖြစ်ခြင်းကို ညွှန်ပြသည်။

Come to think of it, we should find ways and means of getting rid of the long queues for they indicate inefficiency somewhere and a waste of time.

mgyoe.com

mgyoe.com


၆၅။ တစ်နည်းပြောရလျှင်၊ တစ်ခုခုကို ဖြည်းညင်းစွာ လုပ်ဆောင်နေကြောင်း တန်းစီမှုများက ပြသသည်။
In other words, queues show that something is being done slowly.

၆၆။ မြန်မာတို့သည် အာဏာ (သို့) အာဏာပိုင်များကို အကြီးအကျယ် လေးစားမှု ရှိသည်။
Myanmars have a profound respect for authority or authorities.

၆၇။ အမေရိကန်ပြည်ထောင်စုတွင် မီးပျက်မှောင်ကျမှုနှင့်အတူ နေရာအနှံ့ လုယက်မှုများက တစ်ပါတည်း ပါလာသည်။
In the United States, black- outs caused by power failure are invariably accompanied by widespread lootings.

၆၈။ မီးပျက်မှုများ မှန်မှန်ကြီး ဖြစ်ပွားသည့် မြန်မာနိုင်ငံတွင်ကား လုံးဝ မရှိချေ။ ထိုကဲ့သို့သော လုယက်မှုများအကြောင်း မကြားဖူးချေ။
In Myanmar where power cut-offs take place regularly, such lootings are unheard of as they have never occurred.

၆၉။ သူခိုးများ၊ အိမ်ဖောက်သူများ အနည်းငယ်သည် မီးပျက်ချိန်များတွင် ပို၍ လှုပ်ရှားကောင်းလှုပ်ရှားမည်။
A few thieves and burglars may be more active during power failures.

၇၀။ သို့သော်၊ အခြား မလိုလားအပ်သော ဖြစ်ရပ်များမှာ ထိုအချိန်မျိုးတွင် ဖြစ်ခဲသည်။
But other untoward incidents rarely occur at such times.

၇၁။ အိန္ဒိယကဲ့သို့ တိုင်းပြည်များတွင် ဘာမဟုတ်သည့် အကြောင်းကလေးနှင့် အဓိကရုဏ်း ဖြစ်ပွားသည်။ မြန်မာပြည်မှာကား ယင်းကဲ့သို့ မဟုတ်ချေ။
In countries like India, riots tend to break out at the slightest provocation, but not so in Myanmar.

mgyoe.com

၇၂။ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရရှိန်မှစ၍ အဓိကရုဏ်း နှစ်ကြိမ်သာ ဖြစ်ပွားသည်။
Only two major uprisings have taken place in Myanmar since she regained her independence in 1948.

၇၃။ ရာဇဝတ်မှုဖြစ်ပွားသည့် နှုန်းထားများမှာလည်း အများနှင့်စာလျှင် နိမ့်ကျသည်။
Crime rates also are relatively low.

၇၄။ လူသတ်မှု၊ လုယက်မှုနှင့် မုဒိန်းမှုကဲ့သို့သော အကြီးစား ရာဇဝတ်မှုများ၊ မြန်မာနိုင်ငံတွင် အနည်းငယ်သာ ဖြစ်ပွားသည်။
Few major crimes like murder, robbery and rape occur in Myanmar.

၇၅။ သို့ဖြစ်၍ နားလည်ရခက်ဖွယ် ကောင်းနေသည်မှာ နာမည်ပျက်လောက်အောင် စည်းကမ်းမဲ့သော မြန်မာတို့သည် ကမ္ဘာ့ပြည်သူများထက် ပို၍ တရားဥပဒေနှင့်အညီ နေထိုင်ရာရောက်နေသည်။
Hence, paradoxically, Myanmar who are notoriously lacking in discipline are apparently more law-abiding than most peoples of the world.

၇၆။ မြန်မာတို့သည် ဘာသာရေး ကိစ္စများတွင် ခွင့်ပြုလိုက်လျောတတ်သည့် သဘောရှိသည်။
The Myanmars tend to be liberal and permissive in religious matters.

၇၇။ နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံတွင် လုံးဝ ကိုးကွယ်မှု လွတ်လပ်ခွင့် ရှိသည်။
Subsequently, there is absolute freedom of worship in Myanmar.

၇၈။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ ဗလီများ၊ ဟိန္ဒူဝတ်ကျောင်းများသည် နှိပ်စက်ဖျက်ဆီးခြင်း မခံရဘဲ၊ ဗုဒ္ဓဘာသာ ဘာသာရေး အဆောက်အအုံများနှင့် ဘေးချင်းယှဉ် ရပ်တည်ခဲ့သည်မှာ မြန်မာမင်းတို့ခေတ်က စ၍ ဖြစ်သည်။

mgyoe.com

mgyoe.com

Christian churches, mosques and Hindu Temples have been standing unmolested side by side with Buddhist religious buildings since days of Myanmar Kings.

၇၉။ အကြောင်းရင်းမှာ မြန်မာတို့သည် သိမ်မွေ့နူးညံ့သော လူမျိုးတစ်မျိုး ဖြစ်သည်။

The reason is that the Myanmar are a gentle people.

၈၀။ သူတို့သည် ရဲရင့်သည်၊ သို့သော် ဘယ်နည်းနဲ့မှ မကြမ်းကြုတ်ချေ။

They are courageous but by no means brutal.

၈၁။ မြန်မာ့စရိုက်တွင် ပါဝင်သည့် သိမ်မွေ့နူးညံ့သော အကြောင်းသည် ဗုဒ္ဓဘာသာ ဩဇာလွှမ်းမှု၏ ရလဒ်တစ်ခု ဖြစ်သည်။

The streak of gentleness in Myanmar character is an outcome of Buddhist influence.

၈၂။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဗုဒ္ဓဘာသာ၏ ပထမ ပညတ် ဖြစ်သည်။

To refrain from taking life is the first precept of Buddhism.

၈၃။ အခြားဘာသာ အချို့က လူသတ်ခြင်းကိုသာ ပိတ်ပင်သည်။

Some other religions prohibit only the killing of human beings.

၈၄။ ဗုဒ္ဓဘာသာက မည်သည့်သတ္တဝါမဆို သတ်ဖြတ်ခြင်းသည် ကြီးစွာသော အကုသိုလ်တစ်ရပ်ဖြစ်သည်ဟု သွန်သင်လေသည်။

Some other religions prohibit only the killing of human beings whereas Buddhism teaches that the killing of any creature is a great sin.

၈၅။ သို့ဖြစ်၍ မြန်မာတို့သည် လူများကိုရော၊ တိရစ္ဆာန်များ၊ ငှက်များ၊ အင်း ဆက်ပိုးများကိုပါ သတ်ဖြတ်ရန် ပင်ကိုစရိုက်အရ တွန့်ဆုတ်လေ သည်။

Accordingly, Myanmars are reluctant by nature to kill

mgyoe.com

animals, birds and even insects as well as human beings.

၈၆။ မြန်မာဘုရင်တို့သည် ဗုဒ္ဓဘာသာကို ပြန့်ပွားအောင် အားထုတ်ခဲ့ကြသည်။ သို့သော် ယင်းသို့ လုပ်ဆောင်ရာတွင် ဓားကို ဘယ်တော့မှ မသုံးစွဲခဲ့ကြချေ။
Myanmar Kings made great efforts to propagate the Buddhist Sasana, that is religion, but they never resorted to the use of the sword in doing so.

၈၇။ မြန်မာဘုရင်လက်ထက်တွင် ခရစ်ယာန် သာသနာပြုများ ကျောင်းဖွင့်ကြသည့်အခါ ယင်းကျောင်းများသို့ ပထမဆုံး တက်ရောက်သူများထဲတွင် ဘုရင်နှင့် မင်းညီမင်းသားတို့၏ သားသမီးများ ပါဝင်ကြသည်။
When Christian missionaries opened mission schools in the days of the Myanmar Kings, among the first to join those schools were the children of the king and other members of the royalty.

၈၈။ ဤအချက်က မြန်မာတို့သည် ဘာသာရေး ကိစ္စများတွင် စိတ်ကို ဖွင့်ပေးထားကြောင်းနှင့် ကိုယ့်ဘာသာကိုယ်သာ ဟုတ်သည်ဟု သဘောမထားကြောင်း ပြသည်။
This shows that Myanmars are open-minded and by no means bigoted in religious matters.

၈၉။ ဤအစဉ်အလာသည် ယနေ့ ရှင်သန်ဖွံ့ဖြိုးဆဲ ဖြစ်သည်။
This tradition is still alive and thriving.

၉၀။ ထို့ပြင် မြန်မာနိုင်ငံတွင် အိန္ဒိယမှာကဲ့သို့ ဇာတ်စနစ်မရှိချေ၊ ဗြိတိန်မှာကဲ့သို့ အထက်တန်းစားနှင့် အောက်တန်းစားများအကြား ဖောက်ဖျက်၍မရသော အဆင့်အတန်း ခွဲခြားမှုလည်း မရှိချေ။
Besides, there is no caste system in Myanmar as in India nor is there any inviolable distinction between the higher and lower classes of people as in Britain.

၉၁။ တိုတိုပြောရလျှင် မြန်မာနိုင်ငံ၌ မည်သည့်အဆင့်အတန်း ခွဲခြားမှုမျိုးမှ မရှိချေ။

mgyoe.com

mgyoe.com

In short, there is no discrimination of any kind in Myanmar.

၄၂။ ယင်းသို့ဖြစ်သည့်အလျောက် ရိုးသားနိမ့်ကျသော တောရွာသား တစ်ယောက် ပင်လျှင် နိုင်ငံရှိ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်လေသည်။

This being the case, even a simple and humble villager can rise to the highest position in the country.

၄၃။ မြန်မာတို့၏ သံချပ်ဝတ်စုံမှ ကြီးမားသော အပေါက်ကြီး တစ်ခုမှာ မြန်မာမှုမှန်သမျှကို အထင်သေးပြီး နိုင်ငံတကာတွင် ခေတ်စားနေမှု အားလုံးကို အထင်ကြီးကြခြင်း ဖြစ်သည်။

One wide chink in the armour of the Myanmars is looking down upon everything Myanmar and thinking the world of all international trends.

၄၄။ ယင်းသည် နိုင်ငံခြားအုပ်စိုးမှုအောက်တွင် တစ်ရာစုမျှ ကျရောက်ခဲ့ရခြင်း၏ ကြာရှည်အခံဆုံး ဆိုးမွေဖြစ်ဟန် တူသည်။

This seems to be the most enduring bad legacy of having been under foreign rule for about a century.

❐

mgyoe.com

mgyoe.com

## သိဒ္ဓတ္ထဂေါတမမင်းသား

## PRINCE SIDDHARTHA GAUTAMA

၁။ ဗုဒ္ဓဘာသာကို တည်ထောင်သူ သိဒ္ဓတ္ထ ဂေါတမမင်းသားကို ဘီစီ ၆၀၀ ဝန်းကျင်က အိန္ဒိယပြည် ကပိလဝတ်နိုင်ငံ၌ ဖွားမြင်ခဲ့သည်။
Prince Siddhartha Gautama, the founder of Buddhism, was born in the kingdom of Kapilavastu in India around 600 BC.

၂။ သူ့ဖခင် သုဒ္ဓေါဒနသည် ကပိလဝတ်ပြည့်ရှင် ဖြစ်သည်။
His father King Suddhodana was the ruler of Kapilavastu.

၃။ ပုရောဟိတ်များက မင်းသားသည် ဗုဒ္ဓ (အလင်းရသူ) သို့မဟုတ် စကြဝတေးမင်း ဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ကြသည်။
Prophets predicted that the Prince would become either a Buddha - the Enlightened One - or a Universal Monarch.

၄။ ဘုရင်က သူ၏ သားတော်ကို စကြဝတေးမင်း ဖြစ်စေလိုသည့်အတွက်၊ ဘုရားဖြစ်အောင် တောမထွက်စေရန် အစွမ်းကုန်ကြိုးစားသည်။

mgyoe.com

mgyoe.com

The King wanted his son to become a Universal Monarch and did his best to prevent the Prince from renouncing the world in order to become a Buddha.

၅။ မင်းသားသည် ပျော်ပြေမှုနှင့် စည်းစိမ်အမျိုးမျိုး ဝိုင်းရံထားခြင်းခံရသည်။
He surrounded the Prince with all kinds of entertainments and luxuries.

၆။ သူသည် အရွယ်ရောက်သောအခါ ယသော်ဓရာမင်းသမီးကို လက်ထပ်ပြီး ရာဟုလာခေါ် သားတော်တစ်ပါး ရရှိသည်။
When the Prince came of age, he married Princess Yasodhara who bore him a son named Rahula.

၇။ သူသည် အသက် ၂၉ နှစ်အရွယ်တွင် လူအို၊ လူနာ၊ လူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်ပြီးနောက် ထာဝရ လွတ်မြောက်မှုကို ရှာဖွေရန် တောထွက်လေသည်။
He renounced the world at the age of 29 in search of eternal liberation after seeing the four great omens of an old man, a sick man, a dead man and a monk.

၈။ သူသည် ၆ နှစ်ကြာ ဒုက္ကစရိယာကို ကျင့်သုံးပြီး၊ ဘုရားအဖြစ်သို့ ရောက်လေသည်။
He attained Buddhahood or Enlightenment after practising various austerities for six years.

၉။ ဗုဒ္ဓသည် သူ၏တရားကို ၄၅ နှစ်ကြာ ဟောကြားပြီးနောက် ပရိနိဗ္ဗာန် ပြုလေသည်။
The Buddha attained Prinirvana or the final passing away at the age of eighty after teaching his doctrine for forty five years.

၁၀။ သစ္စာလေးပါးသည် ဗုဒ္ဓ၏ သွန်သင်မှုများ၏ အနှစ်ချုပ် ဖြစ်လေသည်။
The four noble truths constitute the essence of the Buddha's teachings.

၁၁။ ပထမသစ္စာတရားမှာ ဘဝဟူသည် ဒုက္ခဖြစ်သည်ဟူ၍ ဖြစ်၏။

mgyoe.com

The first noble truth is that life is full of suffering.

၁၂။ ဒုတိယသစ္စာမှာ ယင်းဒုက္ခသည် တွယ်တာမှုမှ ထွက်ပေါ်လာသည်ဟူ၍ ဖြစ်၏။

The second noble truth is that suffering arises out of attachment.

၁၃။ တတိယသစ္စာမှာ ယင်းဒုက္ခချုပ်ငြိမ်းရာရှိသည်ဟူ၍ ဖြစ်၏။

The third noble truth is that there is a way out of all suffering.

၁၄။ အဆိုပါချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မဂ္ဂင်ရှစ်ပါးလမ်းဖြင့် သွားရောက်နိုင်ကြောင်း၊ စတုတ္ထသစ္စာက ညွှန်ပြသည်။

The fouth noble truth is that one can attain Nirvana, the end of all suffering, by following the Eight-fold path.

၁၅။ မဂ္ဂင်ရှစ်ပါးမှာ ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာပြုခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းတို့ ဖြစ်ကြသည်။

The Eight-fold path comprises right understanding, right thoughts, right speech, right actions, right livelihood, right effort, right mindfulness and right concentration.

၁၆။ ဗုဒ္ဓဘာသာဝင်တို့က သေဆုံးပြီးနောက် ဘဝဆက်လက် တည်ရှိဖြစ်ပေါ်သည်ဟု ယုံကြသည်။

Buddhists believe that life continues to exist after death.

၁၇။ လူနှင့် အခြား သတ္တဝါများသည် ၎င်းတို့၏ကံ (ကောင်းသောကံနှင့် ဆိုးသောကံ) တရား၏ ပြုပြင်စီမံခြင်းကို ခံကြရသည်ဟုလည်း ၎င်းတို့ ယုံကြည်သည်။

They also believe that man and other creatures are manipulated by their Karma, the cumulative result of

mgyoe.com

mgyoe.com

their deeds - good deeds as well as bad ones - of their previous existences.

၁၈။ ဗုဒ္ဓဘာသာဝင်တို့သည် လောဘ၊ ဒေါသ၊ မောဟတို့မှ ကင်းစင်ရန် ကြိုးပမ်းကြသည်။
Buddhists strive to be free from greed, anger or hatred and delusion.

၁၉။ သတ္တဝါနှင့် အရာဝတ္ထုတို့၏ မမြဲသော သဘောကို ဗုဒ္ဓဘာသာက အလေးပေး ဖော်ပြသည်။
Buddhism emphasizes the impermanent or transient nature of creatures and things.

၂၀။ ပထမသစ္စာတရားတွင် ဖော်ပြခဲ့သည့်အတိုင်း ဘဝဟူသည် ဒုက္ခအတိ ပြီးသည်ဟုလည်း ၎င်းက သွန်သင်သည်။
It also teaches as stated in the first noble truth that life is full of suffering.

၂၁။ ထို့နောက် ဟိန္ဒူယုံကြည်မှုကို ဆန့်ကျင်၍ ဘဝတစ်ခုမှ တစ်ခုသို့ ကူး ပြောင်းနေသော ဝိညာဉ် (ဝါ) အတ္တ တည်ရှိမှုကိုလည်း ငြင်းပယ်သည်။
And then, it denies the existence of the eternal soul or self, contrary to Hindu belief.

၂၂။ သို့ရာတွင် ရိုးရာဗုဒ္ဓဘာသာဝင် အများဆုံးက၊ သတ္တဝါတို့သည် နိဗ္ဗာန်ကို မရမချင်း အကြိမ်ကြိမ်၊ နတ်များအဖြစ်၊ လူများအဖြစ်၊ တစ္ဆေများအဖြစ်၊ တိရစ္ဆာန်များအဖြစ် (သို့မဟုတ်) ငရဲခံသူများအဖြစ် ပြန်လည် မွေးဖွားကြ သည်ဟု ယုံကြည်ကြသည်။
However, most traditional Buddhists believe that all sentient beings keep being reborn again and again as gods, humans, ghosts, animals or denizens of hell.

၂၃။ သူတို့သည် လူဝင်စားဖြစ်မှုကို အထူး ယုံကြည်ကြသည်။
They especially believe in reincarnation.

၂၄။ ပရိတ်များ၊ မန္တာန်များ ရွတ်ဆိုခြင်းအားဖြင့် အန္တရာယ်များ၊ မကောင်းသော ဖြစ်ရပ်များကို ဖယ်ရှားနိုင်သည်ဟု သူတို့ လက်ခံသည်။

mgyoe.com

mgyoe.com


They also accept that harm and evil events can be warded off by reciting Paritas and Mantras.

၂၅။ ဗုဒ္ဓဘာသာဝင်တို့သည် ဒါန၊ သီလ၊ ဘာဝနာတည်း ဟူသော ကောင်းမှု သုံးမျိုးကို တတ်နိုင်သမျှ လုပ်ဆောင်ကြသည်။
Buddhists strive to perform three main types of good deeds namely alms-giving, observance of precepts and meditation.

၂၆။ ယင်းသုံးမျိုးအနက် ဘာဝနာသည် အဆင့်မြင့်ဆုံး (ဝါ) အရေးပါဆုံးဟု ယူဆကြသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို ဘာဝနာစီးဖြန်းခြင်းဖြင့်သာ ရောက်နိုင်သည်။
Of the three, meditation is considered the noblest or the most important for Nibbana (Nirvana) the ultimate goal of Buddhists, can be attained only through meditation.

၂၇။ ဗုဒ္ဓဘာသာဝင်များသည် အနည်းဆုံး ငါးပါးသီလကိုတော့ စောင့်ထိန်းရန် မျှော်လင့်ခံရသည်။
Buddhists are expected to observe the fundamental five precepts, at the very least.

၂၈။ ငါးပါးသီလထဲတွင် မလုပ်ရန် ပညတ်ချက်ငါးခု ပါဝင်သည်။
The five precepts comprise five don'ts.

၂၉။ ၎င်းတို့မှာ သူ့အသက်ကို မသတ်ရန်၊ မခိုးရန်၊ ခွင့်မပြုအပ်သော လိင်မှုကိစ္စကို ရှောင်ရန်၊ မုသားမပြောရန်နှင့် မူးယစ်ပစ္စည်းများ ရှောင်ကြဉ်ရန်တို့ ဖြစ်ကြသည်။
They are to refrain from taking life, stealing, committing illicit sex, telling lies and using intoxicants.

၃၀။ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်၊ လပြည့်နေ့နှင့် လကွယ်နေ့များကို ဥပုသ်နေ့များအဖြစ် သတ်မှတ်ပြီး ထိုနေ့များတွင် တတ်နိုင်သူတို့က ရှစ်ပါး သို့မဟုတ် ကိုးပါးသီလ စောင့်ထိန်းကြသည်။

mgyoe.com

mgyoe.com


The eighth waxing day and waning day, the full moon day and the day on which the moon totally disappears are designated as sabbath days and eight or nine precepts are observed on those days by those who can.

❐

mgyoe.com

mgyoe.com

## ရွှေတိဂုံစေတီတော်

# THE SHWEDAGON PAGODA

၁။ ကမ္ဘာလှည့် ခရီးသည်များကို ရန်ကုန်မြို့မှ အဓိကဆွဲဆောင်နေသောအရာ ဖြစ်သည့် ရွှေတိဂုံဘုရားကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားခဲ့သည်ဟု ဆိုသည်။

The Shwedagon Pagoda, the chief tourist attraction of Yangon, is said to have been built over 2500 years ago.

၂။ တစ်စုံတစ်ခုသည် အတိတ်တွင် ရှည်ဝေးစွာ ကျန်ခဲ့သောအခါ ဘယ်သင်းက အမှန် ဘယ်သင်းက ထိုးဇာတ်ဟု ပြောရန် ခက်သည်။

When something is left so far behind in the past, it is hard to say which is the truth and which, fiction.

၃။ ရွှေတိဂုံဘုရား တည်ထားမှုနှင့် ပတ်သက်၍ ဒဏ္ဍာရီနှင့် သမိုင်းတို့သည် ခွဲထုတ်မယူနိုင်လောက်အောင် ယှက်နွယ်နေကြလေသည်။

Legend and history are inextricably intermingled regarding the construction of the Shwedagon Pagoda.

၄။ ရွှေတိဂုံဘုရားကို ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်က၊ ဆိုလိုသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားခဲ့သည်ဟု ဆိုရိုးစကား ရှိသည်။

Tradition has it that the Shwedagon Pagoda was built during the Buddha's life time, that is over 2500 years ago.

mgyoe.com

mgyoe.com


၅။ မယုံသူများက ထိုအချိန်တွင် ရန်ကုန်မြို့နေရာသည် ပင်လယ်အောက်တွင် ရှိသည်ဟု ဆိုပြီး ထိုအမြင်ကို ကန့်ကွက်ကြသည်။
Skeptics raise an objection to this view saying that the site of Yangon was under the sea at that time.

၆။ ရိုးရာဝါဒီများက ရွှေတိဂုံဘုရား တည်ရှိသော သိင်္ဂုတ္တရ တောင်ကုန်းသည် ထိုစဉ်က ပင်လယ်ရေပြင်အထက်တွင် တည်ရှိခဲ့သည်ဟု တန်ပြန်ပြောဆိုကြသည်။
Traditionalists counter that Singuttara Hiıl on which the Shwedagon Pagoda stands might have been above sea level in those days.

၇။ တစ်ခုတော့ သေချာသည် ရွှေတိဂုံဘုရားသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အရုဏ်တက်ပြီး နောက်ပိုင်း များမကြာမီ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ခဲ့ပေလိမ့်မည်။
One thing is certain: the Shwedagon Pagoda must have come into being not long after the dawn of Buddhist civilization.

၈။ ရွှေတိဂုံဘုရားသည် ဘုရားလေးဆူတို့၏ ဓာတ်တော် မွေတော်များကို ဌာပနာထားသည်ဟုလည်း ရိုးရာဝါဒီတို့က ယုံကြည်ကြသည်။
Traditionalists also believe that the Shewdagon Pagoda enshrines sacred relics of four Buddhas.

၉။ ဘုရားသမိုင်းအရ၊ တဖုဿနှင့် ဘလ္လိကခေါ် ကုန်သည်ညီနောင်တို့သည် အိန္ဒိယပြည်သို့ ခရီးသွားခိုက် ဗုဒ္ဓကို တွေ့ခဲ့ကြလေသည်။
According to the legend of the Pagoda, two trader brothers called Tapussa and Phallica met the recently-enlightened Buddha while on a visit to India.

၁၀။ သူတို့သည် ဗုဒ္ဓအား မုန့်များ လှူဒါန်းခဲ့ကြရာ၊ ဗုဒ္ဓက သူတို့အား သူ၏ ဆံတော်ရှစ်ဆူကို ကိုးကွယ်ရန် ပေးလိုက်သည်။
They made offerings of food to the Buddha who gave them eight strands of His hair for worshipping.

mgyoe.com

mgyoe.com


၁၁။ ဆံတော်လေးဆူသည် သူတို့ အပြန်လမ်းတွင် ပျောက်သွားသည်။
Four strands of hair were lost on their way home.

၁၂။ ထိုစဉ်က ဥက္ကလာပဟု သိကြသော ရန်ကုန်ဘုရင်နှင့် ပြည်သူများသည် ဆံတော်များအား တက်တက်ကြွကြွ ကြိုဆိုခဲ့ကြပြီး ပွဲတော်ကြီးတစ်ရပ် ကျင်းပခဲ့ကြသည်။
The king and the people of Yangon - then known as Okkalapa - accorded a rousing welcome to the strands of hair and held a great festival.

၁၃။ ဆံတော်များအား ဌာပနာထားမည့် စေတီအတွက် သင့်တော်သော နေရာ ရှာရာတွင် ဘုရင်က သိကြားမင်းနှင့် ဒေသခံနတ်ကြီး လေးပါးတို့က ကူညီခဲ့သည်ဟု ဆိုသည်။
The king is said to have been assisted by the king of Devas (Gods) and four local guardian-spirits in his search for a suitable site for the pagoda where the strands of hair would be enshrined.

၁၄။ ဌာပနာတိုက်တွင်းသို့ ယခုထိ ဝင်နိုင်သေးသည်ဟု အများက ယုံကြည်ကြသည်။
It is generally believed that the relic chamber can be entered even now.

၁၅။ ဌာပနာတိုက်တွင်းသို့ ရောက်ခဲ့သည်ဟု ဆိုသော နိုင်ငံခြားသား တစ်ယောက်၏ ဖော်ပြချက် တစ်ရပ်ကို လွန်ခဲ့သောနှစ်ပေါင်း အတန်ကြာက ပြည်တွင်းသတင်းစာများတွင် ဖော်ပြခဲ့ကြသည်။
Several years ago, local newspapers carried a description of the relic chamber by a foreigner who is said to have entered it.

၁၆။ ဘုရား၏ မြောက်ဘက်၊ ပေ ၅၀ ခန့်အကွာတွင် ဆံတော်တွင်းခေါ် အမိုးရှိသော တွင်းနက်တစ်ခု ရှိသည်။
There is a deep covered hole known as the sacred-hair well about fifty feet to the north of the Pagoda.

mgyoe.com

mgyoe.com


၁၇။ ၎င်းသည် ဌာပနာတိုက်တွင်းသို့ လမ်းပေါက်သည်ဟု ဆိုကြသည်။
It is said to lead to the relic chamber.

၁၈။ ဆယ်စုနှစ်ပေါင်း အတန်ကြာက ထိုတွင်းသို့ ဆင်းသွားသော ကိုရင်လေး တစ်ပါး ပြန်မလာတော့ဟုလည်း ပြောကြသည်။
It is said that a young novice who went down the pit several decades ago never came back.

၁၉။ စွန့်စားတတ်သူများနှင့် စပ်စုသူများ ထိုတွင်းထဲသို့ ဆင်းပြီး မတော်တဆ ဖြစ်မှုများကို တားဆီးရန် ယခုအခါ ထိုတွင်းကို ပိတ်ထားပြီ။
The pit has been barred now to prevent the adventurous and the inquisitive from entering it and getting involved in accidents.

၂၀။ ပထမတွင် ရွှေတိဂုံသည် ၆၆ ပေသာ မြင့်သည်ဟု ခိုင်ခိုင်မာမာ သိရသည်။
It has been reliably learnt that the Shwedagon was only 66 feet high in the beginning.

၂၁။ ဟံသာဝတီ–ပဲခူးနှင့် ဒဂုံကို အုပ်စိုးသူ မွန်ဘုရင်/ဘုရင်မများက ဘုရားကို ပိုမိုကြီးမားစေခဲ့ကြပြီး၊ ရှင်စောပုဘုရင်မက ၎င်းအား လက်ရှိအသွင် သဏ္ဍာန်သို့ ရောက်စေခဲ့သည်။
The Mon rulers of Hanthawaddy - now Bago and Dagon - now Yangon - enlarged the Pagoda and Queen Shinsawpu brought it to the present appearance.

၂၂။ ယခုအခါ ဘုရားသည် ၃၂၆ ပေ မြင့်ပြီး၊ ၎င်း၏ အောက်ခြေအဝန်းသည် ပေ ၁၄၂၀ ရှိသည်။
At present, the Pagoda is 326 feet high and its circumference at the base is 1420 feet.

၂၃။ ရှေးယခင်က ဘုရားသို့လာရာ လမ်းများသည် မိုင်ပေါင်းများစွာအထိ ဘုရားဖူးတို့ အကျိုးအတွက် သစ်သီးပင်များ တန်းစီနေခဲ့ကြောင်း မှတ်တမ်းများက ဆိုသည်။

mgyoe.com

mgyoe.com


Records say that, in days of yore, the roads leading to the Pagoda were lined with fruit trees for miles for the benefit of the pilgrims.

၂၄။ ၁၅ ရာစုတွင် ရွှေတိဂုံဘုရားသို့ လာရောက်ခဲ့သူ Ralph Fytche ခေါ် အင်္ဂလိပ်လူမျိုး တစ်ဦးက ၎င်းသည် ကမ္ဘာပေါ်တွင် အလှဆုံးနေရာ ဖြစ်သည်ဟု ရေးခဲ့သည်။

An English man by the name of Ralph Fytche who visited the Pagoda in the 15 th century has written that it is the fairest place on earth.

၂၅။ ကမ္ဘာကျော် အင်္ဂလိပ် စာရေးဆရာ တစ်ဦးဖြစ်သူ Rudyard Kipling ကမူ ရွှေတိဂုံကို အသက်ဝင် မျက်တောင်ခတ်နေသော အံ့ဖွယ်ရာဟု ခေါ်ဝေါ်ခဲ့သည်။

Rudyard Kipling, a world-famous English writer, has called the Shwedagon Pagoda a waking, winking wonder.

၂၆။ သိင်္ဂုတ္တရ တောင်ကုန်းထိပ်တွင် ရပ်တည်နေသော ရွှေတိဂုံသည် ရန်ကုန်သို့ ကုန်းလမ်း၊ လေလမ်း၊ ရေလမ်းတို့မှ ချဉ်းကပ်လာသူအပေါင်းအား ပထမဆုံး နှုတ်ဆက်သော ရှုကြည့်စရာ ဖြစ်လေသည်။

Standing on top of Singuttara Hill, the Shwedagon is the first sight that greets the eye (s) of one and all who approach Yangon by land, air or sea.

၂၇။ ရွှေပြားများနှင့် ထိပ်ဆုံးမှ အောက်ခြေအထိ ဖုံးအုပ်ထား၍ ၎င်းကို အစစ်အမှန် ရွှေတောင်တစ်ခုဟု ခေါ်နိုင်သည်။

Covered with plates of gold from top to bottom, it can veritably be called a gold mountain.

၂၈။ ၎င်း၏ ထီးကို ပတ္တမြား၊ စိန်၊ မြ၊ နီလာ၊ ပုလဲတို့ဖြင့် စီခြယ်ထား၍ တန်ဖိုးမဖြတ်နိုင်ပေ။

Its umbrella or finial is invaluable as it is encrusted with rubies, diamonds, emeralds, sapphires and pearls.

mgyoe.com

mgyoe.com


၂၉။ စောင်းတန်းလေးခုသည် ဘုရား၏ ဒုတိယပစ္စယံသို့ ဦးတည်တက်သွားသည်။
Four covered stairways lead up to the second platform of the Pagoda.

၃၀။ အဆင့်မြင့်သော ပန်းချီပန်းပုများဖြင့် အလှဆင်ထားသည့် စောင်းတန်းများကိုယ်၌က အနုပညာလက်ရာများ ဖြစ်နေကြသည်။
Decorated with paintings and sculptures of a high standard, the covered stairways themselves are works of art.

၃၁။ ယခုအချိန်တွင်ကား စောင်းတန်း အဟောင်းများအစား ကျယ်ဝန်းလင်းချင်းပြီး အနုပညာလက်ရာမြောက် စောင်းတန်းအသစ်များဖြင့် အစားထိုးခဲ့ပြီ ဖြစ်သဖြင့် ဘုရားဖူးလာသူများ ရွှင်လန်းဖွယ်ရာ ဖြစ်ပေသည်။
At present, however, spacious and light new stairways of artistic workmanship have replaced the old ones, to the delight of visitors to the pagoda.

၃၂။ မည်သို့ဆိုစေ ဆိုင်များကိုယ်၌က အလွန် ဆွဲဆောင်နိုင်စွမ်းရှိသည်။
However, the stalls themselves are highly fascinating.

၃၃။ သတ္တု၊ စကျင်ကျောက်တို့ဖြင့် ပြုလုပ်ထားသော ဘုရားဆင်းတုများနှင့် ၎င်းတို့အတွက် ကျောင်းဆောင်ငယ်များ မြန်မာစည်များ၊ ကြေးပစ္စည်းများ၊ သံပစ္စည်းများ၊ သစ်မွှေးများ၊ စိပ်ပုတီးများ၊ ဘာသာရေး စာအုပ်များနှင့် ဘုရားလှူစရာ အမျိုးမျိုးကို ဤဆိုင်များတွင် ရနိုင်သည်။
Images of the Buddha made of metal and alabastar and miniature shrines for them, Myanmar drums, brass goods, iron goods, sandalwood, rosaries, religious books and various offerings for the Pagoda are available at these stalls.

၃၄။ နိုင်ငံခြားဧည့်သည်များသည် ဤဆိုင်များကို အားမပေးဘဲ သို့မဟုတ် သဘောကျစွာ မကြည့်ဘဲ မနေနိုင်ကြချေ။

mgyoe.com

Foreign visitors cannot help patronizing or at least gawking at these stalls.

၃၅။ တောင်ဘက်မုခ်ကို ခံ့ညားသော ခြင်္သေ့ကြီးနှစ်ကောင်က စောင့်ကြပ်နေသည်။

The southern entrance to the pagoda is guarded by two imposing figures of mythical lions.

၃၆။ အနောက်ဘက် စောင်းတန်းကို နှစ်ပြားတန်ဆောင်းဟု ခေါ်သည်။ အကြောင်းမှာ စောင်းတန်းဟောင်း မီးလောင်သွားသောအခါ သိမ်ကြီးဈေးမှ ဈေးသည်များက တစ်နေ့ နှစ်ပြားစီ စုပြီး ယင်းကို ဆောက်ခဲ့ကြ၍ ဖြစ်သည်။

The Western stairway is popularly known as the two-pya shrine because when the old stairway was engulfed by fire, the sellers at Theingyi Market saved two pyas each daily and built the new one with the savings.

၃၇။ မြောက်ဘက်စောင်းတန်းသည် အတိုဆုံးဖြစ်ပြီး၊ တောင်ဘက်စောင်းတန်းသည် အစောက်ဆုံး ဖြစ်သည်။

The northern stairway is the shortest and the southern one, the steepest.

၃၈။ အရှေ့ဘက် စောင်းတန်းသည် အရှည်ဆုံးနှင့် အစည်ကားဆုံး ဖြစ်သည်။

The eastern stairway is the longest and the most crowded.

၃၉။ အနောက်ဘက်စောင်းတန်းမှ တစ်ပါး စောင်းတန်းအားလုံးတွင် အိုမင်းမစွမ်းသူများ သုံးစွဲရန် ဓာတ်လှေကားများ တပ်ဆင်ထားသည်။

Elevators have been installed at all the stairways except the western one for the use of the old and the infirm.

၄၀။ အနောက်ဘက် စောင်းတန်းတွင်လည်း မူလက ဓာတ်လှေကား တစ်ခု ရှိသည်။

The western stairway also had an elevator originally.

mgyoe.com

mgyoe.com

၄၁။ ၎င်းကို အလှအပနှင့် ပတ်သက်သော အကြောင်းများကြောင့် လွန်ခဲ့သော နှစ်အနည်းငယ်က ရွေ့လျား စက်လှေကားများဖြင့် အစားထိုးလိုက်သည်။
The elevator was replaced with escalators a few years ago for aesthetic reasons.

၄၂။ ဘုရားဖူးများနှင့် ဧည့်သည်များအား ဈေးဝယ်ရန် ခေါ်နေကြသော ပန်းများ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ၊ တံခွန်ကုက္ကား ရောင်းသူများက မလွဲမသွေ နှုတ်ဆက်ကြသည်။
The pilgrims and the visitors are invariably greeted by sellers of flowers, scented sticks, candles and paper bannners and fans, who are soliciting custom.

၄၃။ ၎င်းတို့အား ၎င်းတို့၏ ဖိနပ်များကို ဆိုင်များတွင် ထားခဲ့ရန်လည်း ယဉ်ကျေးစွာ ဖိတ်ခေါ်ကြသည်။ အကြောင်းမှာ ဘုရားတွင် လည်းကောင်း၊ စောင်းတန်းများတွင် လည်းကောင်း ဖိနပ်၊ ခြေအိတ်များ မည်သူ့ကိုမျှ စီးခွင့် မပြုချေ။
They are also politely invited to leave their foot-wear at the stalls because no one is allowed to wear shoes, boots, slippers, sandals, socks and stockings at the pagoda or along the stairways.

၄၄။ စောင်းတန်းများသည် ဘုရား၏ ဒုတိယ (အလယ်) ပစ္စယံသို့ ဦးတည်သွားကြသည်။
The stairways lead to the second terrace of the pagoda.

၄၅။ မည်သည့်ဘုရားဖူး (သို့မဟုတ်) ဧည့်သည်ကိုမဆို ပထမဆုံး ရိုက်ခတ်သည့် (စိတ်ထဲတွင် ထူးခြားသွားစေသည့်) အရာမှာ ဘုရား၏ ကြီးကျယ်လှမှု ဖြစ်လေသည်။
The first thing that strikes any pilgrim or visitor is the immenseness of the pagoda.

၄၆။ ၎င်းသည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိပြီး ကောင်းကင်၏ ခေါင်မိုးကိုပင် ထိုးဖောက်တူသည်အထိ ပို၍ပို၍ မြင့်မားစွာ အပေါ်သို့ တက်သွားလေသည်။

mgyoe.com

Shaped like a bell, it rises higher and higher until it seems to touch the very roof of the heavens.

၄၇။ ဘုရားကို စေတီငယ်များအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များပါသော တန်ဆောင်းငယ်များ၊ တန်ဆောင်းကြီး လေးခု၊ မနုသီဟများနှင့် ဂြိုဟ်တိုင်များက အောက်ခြေတွင် ဝန်းရံထားလေသည်။

The pagoda is surrounded at the base by small pagodas, small shrines with images of the Buddha inside them, four big shrines, sphinxes and planetary posts.

၄၈။ ရိုးရာ ဗုဒ္ဓဘာသာဝင်များက အနည်းဆုံး သူတို့၏ ကံကြမ္မာတစ်စိတ်တစ်ဒေသကို ဂြိုဟ်များက စိုးမိုးနေပြီး၊ ၎င်းတို့၏ အစောင့်နတ်များကို ပသခြင်းအားဖြင့် ကံဆိုးခြင်းမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်ကြသည်။

Traditional Buddhists believe that at least a part of their destiny is ruled by the movements of the planets and subsequently they can escape from bad luck by propitiating the guardinan-spirits of the planets.

၄၉။ ထို့ကြောင့် သက်ဆိုင်ရာ ဂြိုဟ်မင်းများ ကျေနပ်အောင် ဂြိုဟ်တိုင်များတွင် သက်စေ့ ရေလောင်းနေကြသူများမှာ ဘုရားတွင် တွေ့နေကျ ရှုခင်းတစ်ရပ်ဖြစ်သည်။

Hence, people pouring the age- equivalent number of cups of water on the planetary posts concerned to appease the guardian-spirits of the planets are a common sight at pagodas.

၅၀။ ဗုဒ္ဓဘာသာဝင်တို့သည် ၎င်းတို့၏ ကုသိုလ်ကို အခြား သတ္တဝါများသို့ ခွဲဝေပေးသင့်သည်၊ ပေးနိုင်သည်ဟုလည်း ယုံကြည်ကြသည်။

Buddhists also believe that they ought to and they can share their eternal merits with other creatures.

၅၁။ သူတို့သည် ထိုအလုပ်ကို ဘုရားရှိခိုးပြီးသည့်အခါ အနီးရှိ ခေါင်းလောင်းများကို ထိုးခြင်းဖြင့် လုပ်ဆောင်ကြလေသည်။

mgyoe.com

mgyoe.com


They do so by striking the big bells nearby at the end of their prayers.

၅၂။ ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ခေါင်းလောင်းသံ ကြားသောအခါ၊ တစ်စုံတစ်ယောက် အမျှဝေနေကြောင်း သဘောပေါက်ပြီး သာဓုခေါ်လေ့ရှိကြသည်။

Thus, when Buddhists hear bells pealing, they say sadhu, that is welldone, realizing that someone is sharing his or her merits.

၅၃။ ယင်းသို့ပြုခြင်းအားဖြင့် ကုသိုလ်အမျှရသည်ဟု ယုံကြည်ကြသည်။

They believe that they gain a share of the merit by doing so.

၅၄။ ဘုရားတွင် မှီတင်းနေထိုင်ကြသူများအနက် ထင်ရှားသူတစ်ဦးမှာ ဗေဒင်ဆရာ ဖြစ်လေသည်။

Prominent among the denizens of a pagoda is the astrologer or fortune-teller.

၅၅။ မဟုတ်သည်ကို ယုံကြည်စွဲလမ်းမှုများရှိကြသည့် အခြားလူမျိုးများနည်းတူ မြန်မာတို့သည် ဗေဒင်မေးရခြင်းကို အလွန်နှစ်သက်ကြလေသည်။

Like many other superstitious peoples, Myanmars are very fond of having their horoscopes cast.

၅၆။ စိတ်ဆရာဝန်များမရှိဘဲ မြန်မာတို့ နေနိုင်ရခြင်း အကြောင်းအရင်း တစ်ရပ်မှာ သူတို့တွင် ဗေဒင်ဆရာများရှိကြခြင်း ဖြစ်လေသည်။

One reason why Myanmars can do without psychiatrists is that they have astrologers.

၅၇။ ဗေဒင်ဆရာတို့သည် သူတို့၏ ဟောကိန်းများ မမှန်သည့်တိုင် အသုံးကျကြလေသည်။

Astrologers are useful even if their predictions do not come true.

၅၈။ သူတို့သည် ဝမ်းနည်းကြေကွဲရချိန်၊ ပင်ပန်းဆင်းရဲချိန်တို့တွင် ဖြေသိမ့်မှုနှင့် မျှော်လင့်ချက်ထွက်ပေါ်ရာ ဌာနတစ်ခု ဖြစ်လေသည်။

mgyoe.com

They are a source of solace and hope in times of sorrow and hardships.

၅၉။ သူတို့သည် သူတို့ထံ လာမေးသူများအား အကြံကောင်းများ ပေးကြပြီး၊ အထူးသဖြင့် လာမေးသူတို့၏ လက်ရှိအခက်အခဲများမှ လွတ်မြောက်ရန်၊ ယတြာများ စီရင်ဆောင်ရွက်ပေးကြသည်။

They give sound adivce to their clients and also prescribe and perform certain mysterious rituals to avert misfortune.

၆၀။ ဤအပိုလုပ်ဆောင်ပေးမှုအတွက် အပိုလုပ်ခ သူတို့အိတ်ထဲ ထည့်ရသည်ကို တော့ အထူးပြောစရာ မလိုပါ။

Of course,they pocket an extra fee for this optional service.

၆၁။ သို့သော် အပိုပေးရသည်ကို ဂရုစိုက်မနေပါနှင့်။ လာမေးသူသည် သူ၏ အခက်အခဲ အတားအဆီးအားလုံးကို ကျော်လွှန်နိုင်တော့မည်ဟု အခိုင်အမာ ယုံကြည်ပြီး ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ် ထွက်ခွာသွားစမြဲ ဖြစ်သည်။

But never mind the extra fee, for the client goes away happy and contented believing that all his or her obstacles will be overcome.

၆၂။ ဗေဒင်ဟောဆရာ အမျိုးမျိုး ရှိသည်။

There are several types of fortune-tellers.

၆၃။ တချို့ လက္ခဏာကို ကြည့်ပြီး ရှေ့ဖြစ်ကို ဟောသည်၊ တချို့က ဇာတာခွင်ကို တွက်သည်။

Some predict the future by reading the palm; some do so by making calculations on the horoscope.

၆၄။ အနည်းငယ်ကတော့ အကြားအမြင်ပေါက်သည် ဆိုပြီး ဘာမှမလုပ်ဘဲ လက်တန်းဟောကြသည်။

A few make predictions off-the-cuff without making any calculations claiming that they have the gift of clairvoyance.

mgyoe.com

mgyoe.com

၆၅။ နောက်ဆုံး အမျိုးအစား အများစုသည် ပုတီးစိပ်၊ ကမ္မဋ္ဌာန်းထိုင်ခြင်းအားဖြင့်၊ သဘာဝလွန် စိတ်တန်ခိုးများ ရခဲ့ကြသည်ဟု အများက ယုံကြည်ကြသည်။
It is generally believed that the majority of the last type have gained supernatural, psychical powers by telling beads and/ or sitting in meditation.

၆၆။ ဘုရား၏ တတိယပစ္စယံသို့ မိန်းမများ တက်ခွင့်မရှိချေ။
Women are not allowed to go up to the third terrace of the Pagoda.

၆၇။ ယောက်ျားများပင် ထိုနေရာသို့တက်ရန် ဘုရားဂေါပကရုံးမှ အထူးခွင့်ပြုချက် ယူရသည်။
Even men have to get special permission from the office of the pagoda-trustees to go up there.

၆၈။ ထိုနေရာသည် အခြားနေရာများနှင့်စာလျှင် တိတ်ဆိတ်ပြီး သမာဓိကို အားပေးသဖြင့် သူတော်စင်တချို့နှင့် ယောက်ျားများ ထိုနေရာတွင် ပုတီးစိပ်ကြသည်။ သို့မဟုတ် တရားအားထုတ်ကြသည်။
Some holy men and laymen tell beads and/ or practise the Dharma or the Doctrine there as the place is relatively quiet and conducive to concentration of the mind.

၆၉။ ဘုရားတွင် သိကြားမင်း၊ သူ၏ ကြင်ဘက် သစ်သီးမှဖွားသူ မယ်လမုနှင့် သူတို့၏သား ဥက္ကလာပမင်းကဲ့သို့သော သမိုင်း သို့မဟုတ် ဒဏ္ဍာရီမှ ဇာတ်ကောင်တို့၏ ရုပ်လုံးများ ပေါများသည်။
The Pagoda abounds in legendary or historical figures like those of the king of gods, his consort Mailamu, the fruit-maiden, and their son the king of Okkalapa.

၇၀။ ဘုရားပတ်လည်ရှိ အဆောက်အအုံ အများအပြားသည် ၎င်းတို့၏ ပန်းပုလက်ရာများနှင့် နံရံများပေါ်ရှိ ပန်းချီကားများကြောင့် လေ့လာမှတ်သားဖွယ် ဖြစ်သည်။
Several buildings around the Pagoda are noteworthy for their sculpture and the paintings on the walls.

mgyoe.com

၇၁။ စင်စစ်ဘုရားနှင့် ပတ်လည်ရှိ အဆောက်အအုံ အားလုံးသည် ဗုဒ္ဓဘာသာ အစဉ်အလာများနှင့် မြန်မာအနုပညာ လက်မှုပညာတို့ကို လေ့လာနိုင်သည့် ပြိုင်စံကင်းသော ပြတိုက်ကြီး တစ်ခု (သဖွယ်) ဖြစ်သည်။
In fact, the complex of the pagoda and the buildings around it constitute a unique museum where Buddhist traditions and Myanmar arts and crafts can be studied.

၇၂။ တစ်ခါတုန်းက ဘုရား အရှေ့မြောက်ထောင့်တွင် ခိုများ အစာကျွေးခွင့်ပြုခဲ့ဖူးသည်။
There was a time when pigeons were allowed to be fed in the north-east corner of the Pagoda.

၇၃။ သို့သော် ၎င်းတို့၏ အညစ်အကြေးများသည် ဘုရားရင်ပြင်တော်ကို ညစ်ပတ်စေသဖြင့် ထိုအလေ့အကျင့်ကို ရပ်ခိုင်းလိုက်သည်။
But that practice has been stopped as their droppings dirtied the platform of the Pagoda.

၇၄။ သီလရှင်များနှင့် သူတောင်းစားများသည်လည်း စောင်းတန်းများတွင် တန်းစီနေခဲ့ကြဖူးသည်။
Buddhist nuns and beggars also used to line up along the stairways.

၇၅။ သို့သော် ၎င်းတို့သည် မြင်မကောင်းသည့်အတွက် ၎င်းတို့ကို ဖယ်ရှားခဲ့လေသည်။
But they have been removed as they presented an unseemly sight.

၇၆။ ဘုရားတွင် တွေ့ရသည့် အခြား စိတ်ဝင်စားစရာ ပုဂ္ဂိုလ်တစ်ဦးမှာ ရေသည် ဖြစ်လေသည်။
Another interesting character to be found at the Pagoda is the water-seller.

၇၇။ ဘုရားရုပ်ပွားတော် တစ်ဆူ သို့မဟုတ် ကြိုပ်တိုင်တစ်တိုင်ကို ရေသပ္ပာယ်ရန် သူ့ထံမှ ရေဝယ်သည့်အခါ သူသည် ဝယ်သူအတွက် ဆုတောင်းများကို အသံနေအသံထားဖြင့် ရွတ်ဆိုပေးလေသည်။

mgyoe.com